**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၅၇ ရက်မြောက်နေ့ အစီအစဉ်**

**[ ၃–၆–၂၀၁၅ ] ( ဗုဒ္ဓဟူးနေ့ )**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသန်းမြင့်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရန်အတွက် စီမံဆောင်ရွက်ရာတွင် တာဝန် ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် လုံခြုံရေးထပ်မံ တိုးမြှင့်ရန်၊ တရားမဝင်တင်သွင်းလာသည့် အစားအစာများ၊ ဆေးဝါးများ သုံးစွဲခြင်းမပြုရန်နှင့် ကျန်းမာရေးအသိပညာပေး ခြင်းကို ဦးစားပေးဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **တနင်္သာရီမြို့နယ်ရှိ တနင်္သာရီ အောက်ကင်း ရေလမ်းဖြတ် တံတားအား ပြန်လည်မွမ်းမံ ပြင်ဆင် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းဝင်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် ငွေကြေး လဲလှယ်နှုန်း အမျိုးမျိုးဖြစ်နေသည်ကို သိရှိခြင်းရှိ၊မရှိ သိရှိပါက ထိုကဲ့သို့ဖြစ်နေခြင်းသည် ကောင်းမွန်မှု ရှိ၊ မရှိ နှင့် မရှိပါက မည်ကဲ့သို့ပြုပြင်ဆောင်ရွက်မည်ကိုသိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းဘဏ်ခွဲ သို့မဟုတ် လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဘဏ်ခွဲနှင့် အခြားပုဂ္ဂလိက ဘဏ်ခွဲတစ်ခုခုဖွင့်လှစ် ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအိုက်မုန်း၊ မန်တုံ မဲဆန္ဒနယ်၏ **မန်တုံမြို့နယ် အရှေ့ဘက်ခြမ်းရှိ နမ့်ဟိုင်းဒေသ၊ နောင်ဆန်းကျေးရွာအုပ်စု၊ နားလေကျေးရွာမှ နမ္မတူမြို့နယ်၊ မိုင်းရင်ကျေးရွာသို့ (၁၀)မိုင်ကွာဝေးသော ခရိုင်ချင်းဆက် လမ်းကို ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်မြို့နယ်ရှိ မြို့နယ် ခန်းမ အဆောက်အဦအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ မြန်မာနိုင်ငံ တံမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၅၈ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။